အသင်တို့ ”လေ” ကို မကောင်းမပြောကြလေနှင့်။ သင်တို့ မနှစ်သက်သောအရာကို တွေ့မြင်သောအခါ ဤဒုအာကို ဖတ်လော့။ **«اللَّهُمَّ إِنَّا نَسْأَلُكَ مِنْ خَيْرِ هَذِهِ الرِّيحِ وَخَيْرِ مَا فِيهَا وَخَيْرِ مَا أُمِرَتْ بِهِ، وَنَعُوذُ بِكَ مِنْ شَرِّ هَذِهِ الرِّيحِ وَشَرِّ مَا فِيهَا وَشَرِّ مَا أُمِرَتْ بِهِ». (**“အို -အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤလေ၏ကောင်းကျိုး၊ ၎င်းလေအတွင်း၌ရှိသော ကောင်းကျိုးနှင့် ၎င်းအား (ဆောင်ကြဉ်းရန် ) အမိန့်ပေးထားသည့်အရာ၏ ကောင်းကျိုးကို အရှင်မြတ်ထံတော်မှ တောင်းခံပန်ကြားပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ဤလေ၏ ဆိုးကျိုး၊ ၎င်းလေအတွင်း၌ရှိသော ဆိုးကျိုးနှင့် ၎င်းအား (ဆောင်ကြဉ်းရန် ) အမိန့်ပေးထားသည့်အရာ၏ ဆိုးကျိုးမှ အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။ )

အုဗိုင်ယ် ဗင်န် ကအ်ဗ် (ရဿိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ် ) မိန့်ကြားတော်မူသည်။ အသင်တို့ ”လေ” ကို မကောင်းမပြောကြလေနှင့်။ သင်တို့ မနှစ်သက်သောအရာကို တွေ့မြင်သောအခါ ဤဒုအာကို ဖတ်လော့။ «اللَّهُمَّ إِنَّا نَسْأَلُكَ مِنْ خَيْرِ هَذِهِ الرِّيحِ وَخَيْرِ مَا فِيهَا وَخَيْرِ مَا أُمِرَتْ بِهِ، وَنَعُوذُ بِكَ مِنْ شَرِّ هَذِهِ الرِّيحِ وَشَرِّ مَا فِيهَا وَشَرِّ مَا أُمِرَتْ بِهِ». (“အို-အလ္လာဟ်အရှင်မြတ်၊ ကျွန်တော်မျိုးတို့သည် ဤလေ၏ကောင်းကျိုး၊ ၎င်းလေအတွင်း၌ရှိသော ကောင်းကျိုးနှင့် ၎င်းအား (ဆောင်ကြဉ်းရန် ) အမိန့်ပေးထားသည့်အရာ၏ ကောင်းကျိုးကို အရှင်မြတ်ထံတော်မှ တောင်းခံပန်ကြားပါ၏။ ထို့ပြင် ကျွန်တော်မျိုးတို့သည် ဤလေ၏ ဆိုးကျိုး၊ ၎င်းလေအတွင်း၌ရှိသော ဆိုးကျိုးနှင့် ၎င်းအား (ဆောင်ကြဉ်းရန် ) အမိန့်ပေးထားသည့်အရာ၏ ဆိုးကျိုးမှ အရှင်မြတ်ထံတော်၌ ခိုလှုံပါ၏။ )

[صحيح] [رواه الترمذي]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ် )သည် လေကို မကောင်းပြောခြင်း သို့မဟုတ် ကျိန်ဆဲခြင်းမှ တားမြစ်တော်မူခဲ့သည်။ အကြောင်းမှာ လေသည် ၎င်းကို ဖန်ဆင်းတော်မူသော အရှင်၏ အမိန့်ပေးခြင်းခံရသော အရာတစ်ခုဖြစ်ပြီး ကရုဏာတော်နှင့် ပြစ်ဒဏ်၏ (လေ) နှစ်မျိုးလုံးကို သယ်ဆောင်လာသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လေကို မကောင်းပြောခြင်းသည် လက်တွေ့တွင် ၎င်းကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ကို မကောင်းပြောရာရောက်ပြီး အရှင်မြတ်၏ စီရင်ဆုံးဖြတ်ချက်အပေါ် မကျေနပ်ရာရောက်သည်။ထို့နောက် တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ် )သည် လေကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်ထံတော်သို့သာ ပြန်လည်ဦးလှည့်ကာ လေ၏ကောင်းကျိုး၊

၎င်း၌ရှိသော ကောင်းကျိုးနှင့် မိုးရွာစေခြင်း၊ ဝတ်မှုန်ကူးခြင်းကို သယ်ဆောင်ခြင်း စသည့် လေအား စေလွှတ်ခံရသည့်အတိုင်း ဆောင်ရွက်ခြင်း၏ ကောင်းကျိုးကို တောင်းခံရန်နှင့် ၎င်း၏ ဆိုးကျိုး၊ ၎င်း၌ရှိသော ဆိုးကျိုးနှင့် အပင်များ၊ သစ်ပင်များ ဖျက်ဆီးခြင်း၊ တိရ စ္ဆာန်များသေကျေပျက်စီးခြင်း၊ အဆောက်အဦများကို ပြိုလဲစေခြင်း စသည့် လေအား စေလွှတ်ခံရသည့်အတိုင်း ဆောင်ရွက်ခြင်း၏ ဆိုးကျိုးမှ အလ္လာဟ်အရှင်မြတ်ထံ ခိုလှုံခွင့်တောင်းခံရန် လမ်းညွှန်တော်မူခဲ့သည်။ အလ္လာဟ်အရှင်မြတ်ထံ ဤအရာများကို တောင်းခံခြင်းသည် အလ္လာဟ်အရှင်မြတ်အတွက် ကျွန်ပီသကြောင်းကို ဖော်ပြရာရောက်သည်။

http://www.sunnah.global/hadeeth/my/show/5976